မရမ်းကွင်းကျေးရွာ
မော်လမြိုင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈- ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မရမ်းကွင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇွန်လ

မာတိကာ

မာတိကာ

စကားချီး

မရမ်းကွင်းကျေးရွာ သယံဇာတပြမြေပုံ၊ မော်လမြိုင်မြို့နယ်

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား
၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ
၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ
၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ
(က) သီးနှံ စိုက်ပျိုးရေး
(ခ) မွေးမြူရေးလုပ်ငန်း
(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ
(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ
(က) ကျေးလက် သယ်ယူပို့ဆောင်ရေး
(ခ) ကျေးရွာ မီးလင်းရေး
(ဂ) သတင်းနှင့် ဆက်သွယ်ရေး
၆။ ပညာရေး
၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ
စီမံချက် အဆိုပြုလွှာ (၁)
စီမံချက် အဆိုပြုလွှာ (၂)
စီမံချက် အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့်

လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇန်နဝါရီလ ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မရမ်းကွင်းကျေးရွာ

မော်လမြိုင်မြို့နယ်

မရမ်းကွင်းကျေးရွာ သယံဇာတပြမြေပုံ၊ မော်လမြိုင်မြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	စီမံချက် (Project)	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	မှတ်ချက်
၁	ကျေးရွာတွင်းကွန်ကရစ် တံတားတည်ဆောက်ခြင်း	၁	Â					
၂	လက်တူးတွင်းတူးဖော်ခြင်း	၂		Â				
၃	ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း	၃			Â			
၄	ကျေးရွာရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း							
၅	စိုက်ပျိုးရေးအသိပညာပေးသင်တ န်းဖွင့်လှစ်ခြင်း							

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မရမ်းကွင်းကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၏ ကော့ပေါက်ကျေးရွာအုပ်စုတွင်ပါဝင်ပြီး ကျေးရွာမှာ မြောက်မှ တောင်သို့ တည်ရှိပါသည်။ မရမ်းကွင်းကျေးရွာသည် သံလွင်မြစ် မြစ်ကမ်း ဘေးတွင်ရှိပြီး မော်လမြိုင်မြို့နှင့် (၁၅)မိုင်အကွာတွင် တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၃၇၉၈) ဧက ရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ပရဟိတအဖွဲ့ (ကျား - ၄ ဦး + မ - ၃ ဦး) သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (က - ၄ဦး + မ - ၁ ဦး) သည် ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျက် ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း မရမ်းကွင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ မရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

မရမ်းကွင်းကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၈) အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ ဧကကြား တောင်သူငယ် (၂၄) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား

တောင်သူလတ် (၁၃) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၄) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ဥယျာဉ်ခြံသီးနှံများကို အားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည်နေ့စားကျပန်းနှင့်ပြည်ပတွင် သွားရောက် လုပ်ကိုင် နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး နွေရာသီ တွင် တစ်ချို့လယ်ကေများသည် မြစ်ရေကို အသုံးပြုကြပြီး မြစ်ရေမှာ တစ်နှစ်ပတ်လုံး ရရှိသောကြောင့် ရေလုံလောက်မှု ရှိပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၅၀) တင်းသာ ရှိပါသည်။ သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များ ကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချကြပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ အနည်းငယ် ကျရောက်ပါသည်။ ၄င်းအပြင် မိုးကြီးသည့်အခါတွင် စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေ များ နံဘေးရှိ စောင်းရိုးကို ပြန်လည်တူးဖော်မှု လုပ်ဆောင်လိုကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လိုကြသော်လည်း ငွေကြေး အခက်အခဲနှင့် မြေနေရာအခက်အခဲများကြောင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကိုသာ လုပ်ကိုင်ကြရပါသည်။ မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည် ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် မော်လမြိုင်မြို့နှင့် အလှမ်းအနည်းငယ်ဝေးသောကြောင့် တစ်ပိုင်တစ်နိုင် စျေးဆိုင်များ၊ စားသောက်ဆိုင်လုပ်ငန်းများလုပ်ကိုင်ကြပြီး၊ သုံးဘီး ယာဉ်မောင်းခြင်း၊ လက်သမား၊ ပန်းရံ လုပ်ငန်းများ၊ ရေချိုငါးဖမ်းခြင်းလုပ်ငန်းများလည်း လုပ်ကိုင်ကြ ပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့်

အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေ ဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများ နှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူ ဦးရေများပြားပြီး လုပ်သားအင်အား ရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သောအခြားဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက် အသင့်အတင့် ရှိသော်လည်း စျေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါ သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မွေးမြူရေးလုပ်ငန်း များနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင် များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး (၁၁၆) စီး၊ စက်လှေ(၁၄)စီး၊ လှေ(၁၁)စီး၊ မော်တော်ဆိုင်ကယ် (၄၄) စီး၊ သုံးဘီးဆိုင်ကယ် (၆) စီး၊ ထော်လာကျီ (၃) စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင်းလမ်းမှာအနည်းငယ်ပျက်ဆီးနေပြီးဖြစ်ပြီး မိုးတွင်း ကာလများတွင် လမ်းများ ပေါ်သို့ရေ ကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ ဆိုလာစနစ်ဖြင့်လျှပ်စစ်မီးအသုံးပြုနေကြပြီး၊ ငွေကြေးမတတ်နိုင်ခြင်းကြောင့် လျှပ်စစ်မီးအသုံးပြုနိုင်ခြင်းမရှိပါ။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

မရမ်းကွင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၈၁) လုံး၊ ရေဒီယို (၃၃) လုံး၊တီဗွီ (၆၆) လုံးစသည်တို့မှ ရရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

၆။ ပညာရေး

ကျေးရွာပိုင် မူလတန်းကျောင်းတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် များကို မော်လမြိုင်မြို့နှင့် ကော့ပေါက်ကျေးရွာတို့တွင် ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ်တက် နေသည့် ကျောင်းသားကျောင်းသူများလည်း အနည်းငယ် ရှိပါသည်။ ထို့ပြင် ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှု မရှိပါ။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ (၁၀.၀၄) ရာခိုင်နှုန်းမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြ ပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၄၄.၁) ရာခိုင်နှုန်းအထိ များပြား ခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၈) ရာခိုင်နှုန်း၊ အထက်တန်း အဆင့် စာတတ်မြောက်သူများမှာ (၁၂.၆၈) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက် သူမှာ (၂.၂) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များအတွက် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိသည့်အပြင် ကုတင်နှင့် ဆေးဝါးအလုံအလောက်ရှိပါသည်။ကတိုးမြို့နှင့် နီးပြီး အလွယ်တကူသွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင် ကတိုးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ မရှိပေ။

ကျေးရွာတွင် ချိုးရေသုံးရေများကို မြစ်ရေဖြင့် အဓိကထား အသုံးပြုကြရပြီး ကျန်းမာသန့်ရှင်းသော သောက်သုံးရေရရှိရန် လိုအပ်နေပါသည်။ သံလွင်မြစ်ရေမှာ တစ်နှစ်ပတ်လုံးရှိနိုင်သဖြင့် မြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် သင့်လျော်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စုတိုင်းသည် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မရမ်းကွင်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ နှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့်

၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။ မိုးရာသီတွင် ၄က်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

မရမ်းကွင်းကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးဆောင်ရွက်မည့်
အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာ အုပ်စု	ကျေးရွာ	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	မှတ် ချက်
၁	ကော့ပေါက်	မရမ်းကွင်း	ကျေးရွာတွင်းကွန်ကရစ် တံတားတည်ဆောက်ခြင်း	
၂			လက်တူးတွင်းတူးဖော်ခြင်း	
၃			ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း	
၄			ကျေးရွာရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	
၅			စိုက်ပျိုးရေးအသိပညာပေး သင်တန်းဖွင့်လှစ်ခြင်း	

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	– မရမ်းကွင်းကျေးရွာ
ကျေးရွာအုပ်စု	– ကော့ပေါက်ကျေးရွာအုပ်စု
မြို့နယ်	– မော်လမြိုင်မြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	– မွန်ပြည်နယ်
စီမံချက်အမည် – ရွာတွင်းလမ်းပြုပြင်ခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာတွင်းလမ်းအခြေအနေမှာ ကွန်ကရစ်လမ်းဖြစ်သော်လည်း ကျဉ်းမြောင်းနေခြင်းကြောင့်သွားလာရခက်ခဲပြီး ယာဉ်အန္တရာယ်ဖြစ်ပေါ်နိုင်ခြင်း၊ မိုးရာသီတွင် ကျောင်းသား/သူများသွားလာရန်ခက်ခဲခြင်းကြောင့် ပြင်ဆင်ရန်လိုအပ်ပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) ကျေးရွာတွင်းလမ်းဆောင်ရွက်ပြီးစီးပါက ကျောင်းသား/သူများ ရာသီမရွေးအဆင်ပြေချောမွေ့စွာ သွားလာနိုင်မည် ဖြစ်သောကြောင့် ဆောင်ရွက်ရန် ဆန္ဒရှိပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ကျေးရွာတွင်းလမ်းဆောင်ရွက်ပြီးစီးပါက ကျေးရွာသူကျေးရွာသားများအနေဖြင့် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးများတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမည်ဖြစ်ပါသည်။	

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀/- (ငွေသား) • (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ(မရမ်းကွင်း) • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၄၉	၄၈၂	၉၃၁	၂၀	၄၀	၂၀	၇၀	၁၅၀
အကျိုးခံစားမည့် ဦးရေ	၄၄၉	၄၈၂	၉၃၁	၂၀	၄၀	၂၀	၇၀	၁၅၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ– ၃၊ အလွန်ဆင်းရဲ– ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊
(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) – ၁၀.၇.၂၀၁၈
(၃) စီမံချက် ပြီးစီးမည့်အချိန် – ၂၅.၉.၂၀၁၈
(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာသူ/သားများမှ လုပ်အားနှင့် ငွေကြေး လိုအပ်သလို ထည့်ဝင်ဆောင်ရွက်မည် ဖြစ်ပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ မရမ်းကွင်းကျေးရွာ ရွာသူ၊ရွာသားများမှ ကျေးရွာတွင်းလမ်း ပြုပြင်ခြင်း လုပ်ငန်းအား စီမံချက်စတင်မည့်အချိန်၊ ပြီးစီးမည့်အချိန် တို့အား သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရန်၊ လုပ်ငန်းပြီးစီးပါက ရေရှည် အသုံးပြုနိုင်ရန် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ပရဟိတအဖွဲ့များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများမှ ပြုပြင်ထိန်းသိမ်းရေးများ ဆောင်ရွက်သွားရန်၊ ပျက်စီးဆုံးရှုံးမှုများရှိလာပါက မြို့နယ်ကျေးလက်ဦးစီးဌာန ရုံးနှင့် ဆက်သွယ် ဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	– မရမ်းကွင်းကျေးရွာ
ကျေးရွာအုပ်စု	– ကော့ပေါက်ကျေးရွာအုပ်စု
မြို့နယ်	– မော်လမြိုင်မြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	– မွန်ပြည်နယ်
စီမံချက်အမည် – လက်တူးတွင်းတူးဖော်ခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာတွင် သောက်သုံးရေ လုံလောက်မှုမရှိခြင်း ၊ မြစ်ကမ်းဘေးတွင် တည်ရှိ ခြင်းကြောင့်သန့်ရှင်းသော သောက်သုံးရေရရှိရန် ခက်ခဲခြင်းတို့ကြောင့် လက်တူးတွင်းတူးဖော်ရန်လိုအပ်လျက် ရှိပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) လက်တူးတွင်းတူးဖော် ပြီးစီးပါက ကျေးရွာသူ/သားများမှ သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်မည်ဖြစ်သောကြောင့် ဆောင်ရွက်ရန်ဆန္ဒရှိပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) လက်တူးတွင်းတူးဖော် ပြီးစီးပါက ကျေးရွာသူ/သားများမှ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ခြင်းကြောင့် ကျန်းမာသန့်ရှင်းသောလူမှုဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။	

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)
ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀/- (ငွေသား) • (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ(ကော့ပေါက်) • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၄၉	၄၈၂	၉၃၁	၂၀	၄၀	၂၀	၇၀	၁၅၀
အကျိုးခံစားမည့် ဦးရေ	၄၄၉	၄၈၂	၉၃၁	၂၀	၄၀	၂၀	၇၀	၁၅၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ– ၃၊ အလွန်ဆင်းရဲ– ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊
(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) – ၁၀.၇.၂၀၁၈
(၃) စီမံချက် ပြီးစီးမည့်အချိန် – ၂၅.၉.၂၀၁၈
(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာသူ/သားများမှ လုပ်အားနှင့် ငွေကြေး လိုအပ်သလို ထည့်ဝင်ဆောင်ရွက်မည် ဖြစ်ပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ မရမ်းကွင်းကျေးရွာ ရွာသူ၊ရွာသားများမှ ကျေးရွာတွင်လက်တူးတွင်းတူးဖော်ခြင်း လုပ်ငန်းအား စီမံချက်စတင်မည့်အချိန်၊ ပြီးစီးမည့်အချိန် တို့အား သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရန်၊ လုပ်ငန်းပြီးစီးပါက ရေရှည် အသုံးပြုနိုင်ရန် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ပရဟိတအဖွဲ့များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများမှ ပြုပြင်ထိန်းသိမ်းရေးများ ဆောင်ရွက်သွားရန်၊ ပျက်စီးဆုံးရှုံးမှုများရှိလာပါက မြို့နယ်ကျေးလက်ဦးစီးဌာန ရုံးနှင့် ဆက်သွယ် ဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	– မရမ်းကွင်းကျေးရွာ
ကျေးရွာအုပ်စု	– ကော့ပေါက်ကျေးရွာအုပ်စု
မြို့နယ်	– မော်လမြိုင်မြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	– မွန်ပြည်နယ်
စီမံချက်အမည် – ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာရှိ စာသင်ကျောင်းမှာ သစ်သားဖြစ် ဆောက်လုပ်ထားပါသည်။ သစ်သားကျောင်းဆောင်မှာ အချိန်ကာလ ကြာပြီးဖြစ်၍ ဆွေးမြေ့ပျက်ဆီး လာသောကြောင့် ပြင်ဆင်ရန် လိုအပ်ပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) ကျောင်းဆောင်ပြင်ဆင် ဆောင်ရွက်ပြီးပါက ကျောင်းသူကျောင်းသားများ ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ကျောင်းဆောင်ပြုပြင်ပေးခြင်းဖြင့် ကျောင်းသူကျောင်းသားများ ဘေးကင်းလုံခြုံစွာ စာသင်ကြားနိုင်ခြင်းတို့ကြောင့် ကျေးရွာ၏ ပညာတတ်လူဦးရေတိုးပွားလာစေရန် မျှော်မှန်းပါသည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)	

ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀/– (ငွေသား) • (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ(မရမ်းကွင်း) • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၄၉	၄၈၂	၉၃၁	၂၀	၄၀	၂၀	၇၀	၁၅၀
အကျိုးခံစားမည့် ဦးရေ	၄၄၉	၄၈၂	၉၃၁	၂၀	၄၀	၂၀	၇၀	၁၅၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ– ၃၊ အလွန်ဆင်းရဲ– ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊
(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) – ၁၀.၇.၂၀၁၈
(၃) စီမံချက် ပြီးစီးမည့်အချိန် – ၂၅.၉.၂၀၁၈
(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာသူ/သားများမှ လုပ်အားနှင့် ငွေကြေး လိုအပ်သလို ထည့်ဝင်ဆောင်ရွက်မည် ဖြစ်ပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ မရမ်းကွင်းကျေးရွာ ရွာသူ၊ရွာသားများမှ ကျေးရွာကျောင်းဆောက်လုပ်ခြင်း လုပ်ငန်းအား စီမံချက်စတင်မည့်အချိန်၊ ပြီးစီးမည့်အချိန် တို့အား သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရန်၊ လုပ်ငန်းပြီးစီးပါက ရေရှည် အသုံးပြုနိုင်ရန် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ပရဟိတအဖွဲ့များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများမှ ပြုပြင်ထိန်းသိမ်းရေးများ ဆောင်ရွက်သွားရန်၊ ပျက်စီးဆုံးရှုံးမှုများရှိလာပါက မြို့နယ်ကျေးလက်ဦးစီးဌာန ရုံးနှင့် ဆက်သွယ် ဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

မရမ်းကွင်းကျေးရွာ၊ ကော့ပေါက်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်အောင်	ဦးအုန်းကြိုင်	၁၀/မလမ (နိုင်) ၀၄၃၇၇၃	၅၇	ဥက္ကဋ္ဌ	၀၉၇၈၅၁၉၉၂၇၆
၂	ဦးမောင်ငယ်	ဦးကလျာ	MME 629329	၆၅	အတွင်းရေးမှူး	၀၉၇၈၁၁၉၂၄၁၀
၃	ဒေါ်ခင်စောမွန်	ဦးပလုံး	၁၀/မလမ (နိုင်) ၂၀၁၅၆၆	၆၄	စာရင်းစစ်	၀၉၉၇၀၈၄၃၇၁၁
၄	ဦးစိန်ဝင်း	ဦးမော်လှ	၁၀/မလမ (နိုင်) ၁၈၄၀၉၅	၃၅	ဘဏ္ဍာရေးမှူး	၀၉၇၇၈၄၅၅၇၂၈၀
၅	ဦးရွှေရင်	ဦးပါလေး	၁၀/မလမ (နိုင်) ၁၈၄၀၈၈	၃၈	စာရင်းကိုင် (၁)	၀၉၇၈၈၅၅၇၄၃၅
၆	ဦးကျော်မြင့်	ဦးပွ	၁၀/မလမ (နိုင်)၀၈၉၁၂၂	၃၅	စာရင်းကိုင် (၂)	၀၉၇၈၆၃၃၉၁၂၀
၇	ဦးသောင်းအေး	ဦးအမီနော်ရမန်	MME629343	၂၆	အဖွဲ့ဝင်	၀၉၇၉၁၂၅၃၅၉၅
၈	ဦးကျင်ရွှေ	ဦးလုဒူ	၁၀/မလမ (နိုင်) ၀၈၈၅၆၁	၁၉	အဖွဲ့ဝင်	
၉	ဦးသိန်းအောင်	ဦးလုဒူ	၁၀/မလမ (နိုင်) ၀၈၈၈၇၁	၄၃	အဖွဲ့ဝင်	၀၉၉၆၆၄၁၂၃၅၆
၁၀	ဦးအာမင်	ဦးသာလေ	၁၀/မလမ (နိုင်) ၁၆၀၂၅၅	၄၂	အဖွဲ့ဝင်	
၁၁	ဦးစံအေး	ဦးချစ်တင်	MME629297	၂၁	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၈	၉
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၀	၁၈	၂၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၅	၃၈	၆၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၅	၅၀	၁၀၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၄၆	၃၅၀	၆၉၆
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၂	၁၈	၃၀
စုစုပေါင်း		**၄၄၉**	**၄၈၂**	**၉၃၁**
စုစုပေါင်း အိမ်ထောင်စု		**၁၅၀**		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မရမ်းကွင်းကျေးရွာသည် အိမ်ထောင်စု(၁၅၀)စု၊လူဦးရေ(၉၃၁)ဦး ရှိပါသည်။ မရမ်းကွင်းကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၂၅.၂၄%)၊ မူလတန်းကျောင်းသားအရွယ် (၆.၇၆%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၁.၂၈%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၄.၇၆%)၊ သက်ကြီးရွယ်ကြီးအရွယ် (၃.၂၂%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၅.၂၄)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၃၄၆)ဦး၊ မ(၃၅၀)ဦး စုစုပေါင်း(၆၉၆)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၂၅.၂၄)% ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသား အရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၃၇၉၈	သင့်	ရ	ချောင်း
ယာမြေ				
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
သစ်တောမြေ				
စုစုပေါင်း				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ မရမ်းကွင်းကျေးရွာတွင် လယ်မြေ (၃၇၉၈)ကေရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်သင့် သာရှိပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	-	-
အခြားသဘာဝအရင်းအမြစ်	-	
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	-	-
ပျမ်းမျှအပူချိန် - ၂၈ဒီဂရီ	ပျမ်းမျှ မိုးရေချိန် - ၂၃ဒီဂရီ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာသည် သံလွင်မြစ်ကမ်းဘေး တွင်တည်ရှိ နေခြင်းကြောင့် သဘာဝသယံဇာတများအနေဖြစ် သဲ၊ကျောက်စရစ်များကို အလွယ်တကူ ရရှိနိုင်သော်လည်း ခေတ်မီစက်ကိရိယာများ ပိုင်ဆိုင်မှုမရှိခြင်းကြောင့် ဝယ်ယူသုံးစွဲကြရပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
၁	ပရဟိတအဖွဲ့	၁□ ၂Â ၃□	ပညာရေး□ငွေကြေး□	ကျောင်းအကျိုးတော်ဆောင်အဖွဲ့

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
			ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	တွင်အဖွဲ့ဝင်(၇)ဦးရှိပြီး၊ကျား(၄)ဦး၊ မ(၃)ဦးပါဝင်ပါသည်။
၂	မီးသတ်တပ်ဖွဲ့	၁□ ၂Â ၃□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး□	အသင်းတွင် လူဦးရေ(၅)ဦးပါဝင်ပြီး မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ဆောင်ပေးလျှက်ရှိပါသည်။
၃	ဂေါပကအဖွဲ့	၁□ ၂□ ၃Â	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	ရပ်ရွာ၏ဘာသာရေးဆိုင်ရာကိစ္စများ ဆောင်ရွက်လျှက်ရှိပါသည်။
၄	ကျောင်းအကျိုးတော်ဆောင်	၁□ ၂Â ၃□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး Â	တပ်ဖွဲ့တွင်လူဦးရေ(၇)ဦးဖြင့်ဖွဲ့စည်းထားပါသည်။ကျေးရွာ၏မီးဘေး အန္တရာယ်ကာကွယ်ရန်အတွက်ဖြစ်ပါသည်။
၅		၁□ ၂□ ၃□	ပညာရေး□ဌေကြေး Â ကျန်းမာရေး□ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး□	အဖွဲ့ဝင်(၁၅)ဦးဖြင့်ဖွဲ့စည်းထားပြီး ရပ်ရွာ၏အကျိုးကိုဆောင်ရွက်ပေးပါသည်။
၆		၁□ ၂□ ၃□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	အဖွဲ့ဝင်(၅)ဦးရှိပြီးဘာသာရေး၊ သာသနာရေးများအားဆောင်ရွက်ပေးပါသည်။
၇		၁□ ၂□ ၃□	ပညာရေး□ဌေကြေးÂ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကျောင်း၏လိုအပ်ချက်များကိုကူညီ ဆောင်ရွက်ပေးလျှက်ရှိပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ မရမ်းကွင်းကျေးရွာအတွင်းရှိ ပရဟိ တ အဖွဲ့ သည် ကျား(၄)ဦး မ(၃)ဦး ဖြစ်ဖွဲ့စည်းထားပြီး ကျေးရွာတွင် သာရေး/ နာရေး၊ လူမှု ဖွံ့ဖြိုး ရေး လုပ်ငန်းများကို ရပ်မိရပ်ဖအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ဧက	၃ဧကအထက်	၁ဧကအထက်	မရှိ
အိမ်အခြေအနေ	သွပ်မိုး၊ပျဉ်ကာ၊ပျဉ်ခင်း၊ ခြေတံရှည်	သွပ်မိုး၊ပျဉ်ကာ၊ပျဉ်ခင်း	သွပ်မိုး၊ဖက်မိုး၊ဝါထရံကာ၊ပျဉ်ခင်း	ဖက်မိုး၊ဖက်ကာ၊ဝါးခင်း
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	လက်တွန်းထွန်စက်	အဋ္ဌား	အဋ္ဌား	-
အဓိကစီးပွားရေး လုပ်ငန်း	လယ်၊ကိုင်း၊စျေးဆိုင်	လယ်၊ကိုင်း	လယ်၊ကိုင်း	ကျပန်း
အိမ်ထောင်စု	၂၀	၄၀	၂၀	၇၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ မရမ်းကွင်းကျေးရွာတွင် အဆင်မပြေသောအိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏ (၆၀%) ခန့်ရှိပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၉၁	၆၀.၆၇	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၁၈	၁၂	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၂၄	၁၆	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၁၃	၈.၆၇	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၄	၂.၆၇	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၅၀	၁၀၀	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစိမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ မရမ်းကွင်းကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ကျော်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။ ၅၈ကမှ ၁၂.၅ ဧက အထက် နှင့်၁၂.၅ဧကအထက်ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေ အနည်းငယ်ရှိပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများ ဆုံး	ပျမ်းမျှ	
စပါး		တင်း	၃၅	၆၅	၅၀	သင့်
ပဲ		တင်း				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရမ်းကွင်းကျေးရွာတွင် ပဲ ကို စီးပွါးဖြစ် စိုက်ပျိုးကြပြီး အကျိုးအမြတ်မှာအသင့်အတင့်မျှသာရှိပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅၅	၁၆၁
နို့စားနွား	–	–
ကျွဲ	–	–
မြင်း	–	–
မြည်း	–	–
လား	–	–
ဆိတ်	၁	၂
သိုး	–	–
ဝက်	၂	၂
ကြက်	၈၈	၆၀၇

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ဘဲ	၇	၂၈၄
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း		-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	၃	၃

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရမ်းကွင်းကျေးရွာ နွား၊ ဆိတ်၊ဝက် တို့ကို တနိုင်တပိုင် မွေးမြူကြပြီး ကြက်နှင့်ဘဲကို စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စုများလဲရှိကြပါသည်။ ရေချိုငါးဖမ်း လုပ်ငန်း ကအနည်းငယ်လုပ်ကိုင်ကြပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး				
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း				

	(ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး	၁	၇	-	လတ်
၁၃	ကျန်းမာရေး	၄	၄	-	လတ်
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရမ်းကွင်း ကျေးရွာတွင်စိုက်/မွေးမဟုတ်သော လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	မော်လမြိုင်ဈေးကြီး	
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် Â ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင်☐၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် Â ကား/ထော်လာကျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ Â	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရမ်းကွင်းကျေးရွာတွင် ဈေးမရှိသော်လည်း တစ်ဖက်ကမ်းရှိ မော်လမြိုင် (ဈေးကြီး)ဈေးသို့ စားသောက်ကုန် (ကုန်စိမ်း၊ကုန်ခြောက်) မီးဖိုချောင်သုံး နှင့်အိမ်သုံးပစ္စည်း ပစ္စည်း များအား အလွယ်တကူဝယ်ယူနိုင်ပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁□၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□	၀-၁ မိုင်□ ၁-၅ မိုင်□ ၅-၁၀ မိုင်□ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□	၀-၁ မိုင်□ ၁-၅ မိုင်□ ၅-၁၀ မိုင်□ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁□၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□	၀-၁ မိုင်□ ၁-၅ မိုင်□ ၅-၁၀ မိုင်□ ၁၀မိုင်အထက်□

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

.....

.....

(၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် Â ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ □	ပွင့်လင်းရာသီ□ တစ်နှစ်ပတ်လုံး Â
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင်□ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □	ပွင့်လင်းရာသီ□ တစ်နှစ်ပတ်လုံး□

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
	၅၀မိုင် အထက် □ အသုံးမပြုပါ □	

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ မရမ်းကွင်း ကျေးရွာသည် သံလွင်မြစ်ကမ်းဘေးတွင်တည်ရှိသောကြောင့် မြစ်ကြောင်းကိုအဓိကထား၍ တစ်နှစ်ပတ်လုံးအသုံးပြုကြပါသည်။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၁၁	၁၄	၁၁၆	၄၄	၆	၃	-	-	၅

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စက်လှေပိုင်ဆိုင်မှုအနည်းငယ်ရှိပြီး ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် တို့လည်းအများအပြားအသုံးပြုလျက်ရှိသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	
ဆိုလာစနစ်	၁၂၈/၈
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရွာလုံးကျွတ်နီးပါး ငွေကြေးအခက်အခဲကြောင့် လျှပ်စစ်မီးအသုံးမပြုနိုင်ပါ။

(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၁၈၁	၃၃	၆၆

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ မရမ်းကွင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း ၊ ရေဒီယို၊ တီဗွီ စသည်တို့မှ ရရှိနိုင်ပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃၉	၃၉	၇၈
အလယ်တန်း	၂၃	၁၉	၄၂
အထက်တန်း	၈	၅	၁၃
တက္ကသိုလ်/ကောလိပ်	၁	၅	၆

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာပိုင် မူလတန်းကျောင်းတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး အနီးအနားရှိကော့ပေါက်ကျေးရွာတွင် အလယ်တန်းအဆင့်နှင့် အထက်တန်း အဆင့်များကို ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူ များလည်း အနည်းငယ် ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း Â မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ)□ အထက်တန်း□			မူလတန်း□ မူလွန်□ အလယ်တန်း(ခွဲ) □ အလယ်တန်း□ အထက်တန်း(ခွဲ)□ အထက်တန်း□			မူလတန်း□ မူလွန်□ အလယ်တန်း(ခွဲ) □ အလယ်တန်း□ အထက်တန်း(ခွဲ)□ အထက်တန်း□		
ခ။ရွာမှအကွာအဝေး(မိုင်)	၀ မှ ၁ မိုင် Â ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □		
ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် Â စက်ဘီး Â ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၁၈၀၀၊၂၇၀၀								
င။အမိုးနံရံအခင်း အရည်အသွေး	ကောင်းÂသင့်□ညံ့□			ကောင်း□သင့်□ညံ့□			ကောင်း□သင့်□ညံ့□		
စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည်□ မလုံလောက်ပါ Â			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် Â ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □		
ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်Â တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □		
ဇ။ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်									
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ မရမ်းကွင်းကျေးရွာရှိ မူလတန်းကျောင်းတွင် ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိပါ။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောဝ	မြင့်□	နိမ့်Â	မရှိ□
၂	သွေးလွန်တုပ်ကွေး	မြင့်□	နိမ့်Â	မရှိ□
၃	ငှက်ဖျား	မြင့်□	နိမ့်Â	မရှိ□
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့်Â	မရှိ□

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့်□	မရှိÂ
၆	တီဘီ	မြင့်□	နိမ့်Â	မရှိ□
၇	ဆီးချို	မြင့်□	နိမ့်Â	မရှိ□
၈	သွေးတိုး	မြင့်Â	နိမ့်□	မရှိ□
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□	နိမ့်Â	မရှိ□
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□	နိမ့်□	မရှိ Â
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□	နိမ့် □	မရှိÂ

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ မရမ်းကွင်းကျေးရွာတွင်ဆီချိုရောဂါ၊ သွေးတိုးရောဂါ အဖြစ်များကြပြီး အသည်းရောဂါ(ဘီ၊စီ)၊ တီဘီ၊အဟာရချို့တဲ့မှုနှင့် အနည်းငယ်ရှိပါသည်။ သွေးလွန်တုပ်ကွေးနှင့် ၄င်ဖျားရောဂါများမှာ မိုးရာသီတွင် အနည်းငယ် ဖြစ်လေ့ရှိပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ		Â
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ		Â
၃	ပိုလီယိုရောဂါ		Â
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)		Â
၅	ဝက်သက်ရောဂါ		Â
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု	Â	
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	Â	
၈	အာဟာရပညာပေး အစီအစဉ်	Â	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျန်းမာရေးဦးစီးဌာနမှ ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီးကျောင်းတွင်းကလေးများကို တစ်လတစ်ခါ အာဟာရတိုက်ကျွေးပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ကျေးလက်ကျန်းမာရေး	၀ မှ ၁ မိုင် □	ရှိ □

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ဌာန/ ဌာနခွဲ	၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက်□	မရှိ Â
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် Â ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက်□	ရှိ □ မရှိ Â
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် Â ၁၀ မိုင်အထက်□	ရှိ □ မရှိ Â

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ တိုက်နယ်ဆေးရုံ ၊မြို့နယ်ဆေးရုံများမရှိပါ။ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများမရှိပါ။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၂၁	ကောင်း Â သင့် □ ညံ့□	မိုး
အဝီစိတွင်း/ စက်တပ်	၄	ကောင်း□ သင့် Â ညံ့□	နွေ၊မိုး၊ဆောင်း
အဝီစိတွင်း/ တုံကင်	၅၆	ကောင်း□ သင့် Â ညံ့□	နွေ၊မိုး၊ဆောင်း
မိုးရေ သိုလှောင်ကန်	၁၃	ကောင်း□ သင့် Â ညံ့ □	
မြစ်/ချောင်းရေ		ကောင်း□ သင့် Â ညံ့□	နွေ၊မိုး၊ဆောင်း
ရေကန်		ကောင်း□ သင့် Â ညံ့□	မိုး
စိမ့်စမ်းရေ		ကောင်း□ သင့်□ ညံ့□	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ မရမ်းကွင်းကျေးရွာတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက်

မြစ်ချောင်းရေကို အဓိကအသုံးပြုကြသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၁၃၉
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အိမ်ထောင်စုအားလုံးမှာ သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	ရှိ
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	နိမ့်
၃	ရေကြီးခြင်း	နိမ့်
၄	မိုးခေါင်ခြင်း	-
၅	အအေးလွန်ကဲခြင်း	-
၆	မုန်တိုင်း	-
၇	ငလျင်	-
၈	မီးဘေး	-
၉	ဆားငန်ရေဝင်မြေ	-
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	ရှိ
၁၁	သစ်တောပြုန်းတီးခြင်း	-
၁၂	ငှက်ဖျားရောဂါ	နိမ့်
၁၃	တီဘီရောဂါ	နိမ့်
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	-
၁၅	ပြည်တွင်း ပဋိပက္ခ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	နိမ့်
၁၇	လူကုန်ကူးခြင်း	နိမ့်
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	ရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရမ်းကွင်းကျေးရွာတွင် ရေတိုက်စားမှုကြောင့် မြေပြိုခြင်း၊ မြေဆီလွှာပျက်ဆီးမှု များရှိပါသည်။ကျေးရွာသည် ဝေးလံခေါင်သီလမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	နိမ့်	မြေပြိုခြင်း
အပင်မျိုးစိတ်များ	-	-
ရေအရင်းအမြစ်	-	-
ငါးမျိုးကွဲများ	-	-
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရမ်းကွင်းကျေးရွာ၏ မြေဆီလွှာအခြေအနေမှာ အသင့်အတင့်သာရှိပါသည်။

(၁၀ ကျား - မ ရေးရာ

ဇယား (၂၅) ကျား - မ ရေးရာ

#	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ□	မရှိÂ
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိÂ	မရှိ□

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။အမျိုးသမီးများအနေဖြင့် စီးပွားရေးအဆင်မပြေမှုများနှင့် မိသားစုအခက်အခဲများကြောင့် ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် ပါဝင်မှု/ခေါင်းဆောင်မှု အားနည်းရခြင်းဖြစ်ပါသည်။

မရမ်းကွင်းကျေးရွာ၏ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• ကျောင်းဆောင်ပျက်ဆီးနေခြင်း	• သစ်သားကျောင်းဆောင်ဖြစ်နေခြင်း၊ကာလကြာပြီးဖြစ်၍ယိုးယွင်းပျက်ဆီးနေခြင်း	•	• ငွေကြေးမလုံလောက်ခြင်း	• ပညာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း	– ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း
	• ရွာတွင်းလမ်းမကောင်းခြင်း	• မြေသားလမ်း ဖြစ်ခြင်း	• ကျေးလက်လမ်းဦးစီးဌာနနှင့် ချိတ်ဆက်နိုင်	• ငွေကြေးမလုံလောက်ခြင်း မိုးရာသီတွင် အသုံးမပြုနိုင် ခြင်း	ရွာသားများစုပေါင်း၍ ပြုပြင်နိုင်ခြင်းသက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း	▪ ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းရန်ဆောင်ရွက်ခြင်း၊
	• သောက်သုံးရေမလုံလောက်ခြင်း	• မြစ်ကမ်းဘေးတွင်တည်ရှိသဖြင့်သောက်သုံးရေရရှိရန်ခက်ခဲခြင်း	• ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်နိုင်	• ငွေကြေးမလုံလောက်ခြင်း	• ကျေးလက်ဦးစီးနှင့်ချိတ်ဆက်၍ရေတွင်းတူးဖော်ခြင်း	▪ လက်တူးတွင်းတူးဖော်ခြင်း